# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 28, 2024 | Volume 81, Number 20


၂၈.၈.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၄၁.၅ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၀.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၈၀.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၆.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၅၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၀၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၇.၂၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၃.၄၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၇၉၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပန်းခရုပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပန်းခရုပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်ကပြောသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇွန်လအတွင်း ပန်းခရုပိဿာချိန် ၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပန်းခရုပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"လပွတ္တာမြို့နယ်ကနေ ပန်းခရုတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပန်းခရု ပိဿာချိန် ၇၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိမှာလဲ လပွတ္တာမှ ရေထွက်ကုန်တွေကို အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပန်းခရုတွေ လတ်ဆတ်မှုနဲ့ အရွယ်အစား အလေးချိန်ပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ ပန်းခရုတွေကို လတ်တလောပင်လယ်စာ အရောင်းဆိုင်တွေက အဝယ်လိုက်နေတာကြောင့် အခုလို တင်ပို့အားကောင်းလာတာပါ။ တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းရှင်တွေနဲ့ အရောင်းအဝယ်သမားတွေ အဆင်ပြေလာပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်ကပြောပြသည်။

လပွတ္တာမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းခရု တစ်ပိဿာလျှင် ငွေကျပ် ၁၉,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း အဆိုပါဒေသမှ ပန်းခရုများအပြင် အခြား ရေထွက်ကုန်များ အရောင်းအဝယ်ကောင်းမွန်လာသည့်အတွက် ရေလုပ်သားများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမြတ်ထံမှ သိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပိန်းဥပိဿာချိန် ၅၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပိန်းဥပိဿာချိန် ၅၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုကပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ပိန်းဥပိဿာချိန် ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ ပိန်းဥပိဿာချိန် ၅၆,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းသိရသည်။

"ပန်းတနော်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လအတွင်း အရည်အသွေးကောင်းမွန်တဲ့ ပိန်းဥပိဿာချိန် ၅၆,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲအများဆုံး တင်ပို့ရောင်းချနေပါတယ်။ အဲဒီဒေသထွက် ပိန်းဥတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်" ဟု ပန်းတနော်မြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုကပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ပိန်းဥ ၁၀ ပိဿာလျှင် ငွေကျပ် ၆၅,၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပိန်းဥများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ အလုပ်အကိုင်အဆင်ပြေလျက်ရှိနေကြောင်းသိရသည်။

Source: ရတနာပုံနေ့စဉ်သတင်းစာ

## ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၆၅၀၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၆၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ ဘိုကလေးမြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဲ့လှဲ့ဝင်းကပြောပြ၍ သိရသည်။



ဘိုကလေးမြို့နယ်မှ ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇွန်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၄၀၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး၊ ဇူလိုင်လအတွင်း ငှက်ပျောသီးအစုံ အဖီးရေ ၆၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင် ခဲ့ကြောင်း၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း အများဆုံး တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးများမှာ ဖီးကြမ်း၊ ရခိုင်၊ သီးမွှေး၊ ဆင်စွယ်စသည့် ငှက်ပျောအမျိုးအစားများဖြစ်ကြောင်းသိရသည်။


"ဇူလိုင်လအတွင်း ဘိုကလေးဘက်မှ ရန်ကုန်ဈေးကွက်သို ငှက်ပျောသီးအစုံ တင်ပို့အားကောင်းခဲ့ပါတယ်။ ဒေသထွက်သီးနှံတွေကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ငှက်ပျောသီးကို ရေလမ်းကြောင်းအပြင် ကုန်းလမ်းကြောင်းကနေပါ တင်ပို့နေရပါတယ်။ ဇူလိုင်လက ငှက်ပျောသီးအစုံ အဖီးရေ ၆၅၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိငှက်ပျောသီးဈေးကလဲ အရင်ကထက် အနည်းငယ်မြင့်တက်လာပါတယ်"ဟု ဘိုကလေးမြို့နယ် ငှက်ပျောရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်လှဲ့လှဲ့ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်မြို့သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ ဖီးကြမ်းငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၅,၀၀၀ ၊ ရခိုင်ငှက်ပျော အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၈၅,၀၀၀ ၊ သီးမွှေးငှက်ပျော

အဖီးရေ ၁၀ဝ လျှင် ငွေကျပ် ၁၅၅,၀၀၀ နှင့် ဆင်စွယ်ငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅,၀၀၀ ထိ ပေါက်ဈေးရှိကြောင်းသိရသည်။

Souce: ရတနာပုံနေ့စဉ်သတင်းစာ

## ပြည်ပဝယ်လိုအား မြင့်တက်နေသည့်ပဲကြီး မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်း




ပြည်တွင်း၌ စိုက်ပျိုးထွက်ရှိသည့် ပဲကြီးကို ပြည်ပမှဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

ယခင်က ကုန်သည်များ ဝယ်ယူမှုနည်းခြင်းကြောင့် ပဲကြီးဈေးကွက် အရောင်းအဝယ်အေးခဲ့သော်လည်း ယခုလက်ရှိတွင် ပဲကြီးကို ပြည်တွင်းဈေးကွက်အပြင် ပြည်ပကပါ ဝယ်ယူမှုများပြားလျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ပဲကြီးကို ကုန်သည်များက အဝယ်များလျက်ရှိခြင်းကြောင့် မန္တလေးဈေးကွက်အတွင်း ဩဂုတ်လတတိယပတ်မှစ၍ အရောင်းအဝယ်ပြန်လည်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

မန္တလေးဈေးကွက်ထဲတွင် ပဲကြီးသည် အရောင်းအဝယ်ကောင်းသည့် ပဲအမျိုးအစားထဲပါဝင်နေပြီး ရန်ကုန်ဈေးကွက်တွင်လည်း အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

ထို့ပြင် ဗဟိုဘဏ်ကပြောင်းလဲလိုက်သည့် ပို့ကုန်ရငွေမူဝါဒကြောင့် ပြည်ပပို့ကုန်ပဲများ ဈေးမြင့်တက်လာပြီး ပြည်တွင်း၌စားသုံးသည့် ပဲမာလိုင်းများသည် ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/

## စက်သုံးဆီ အရောင်းဆိုင်များ သိုလှောင်နိုင်မှုကို တိုးမြှင့်သတ်မှတ်ပေး

စက်သုံးဆီအရောင်းဆိုင်များ၌ သိုလှောင်နိုင်သည့်ပမာဏကို ယခင်ကထက်ပို၍ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်မှုအရသိရသည်။

စက်သုံးဆီဆိုင်များ၌ ယခင်က အများဆုံး ဂါလန် ၇၆,၈၀၀ အထိသာ ခွင့်ပြုခဲ့ရာမှ ယခု ဂါလန် ၇၆,၈၀၀ ကျော်နှင့်အထက် စတင်သိုလှောင်ရန် တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်သည်။

ထိုသို့ သတ်မှတ်လိုက်ခြင်းကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ (၄၂)၊ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံးကာ ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ နောက်ဆက်တွဲ (က) ပါ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းအမျိုးအစား အမှတ်စဉ် ၂၄ (ဓာတ်ငွေ့ရည် (LPG)၊ သဘာဝဓာတ်ငွေ့ (CNG) အပါအဝင် စက်သုံးဆီအရောင်းဆိုင်လုပ်ငန်း) ၏ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination–IEE) (သို့မဟုတ်) ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment– EIA) ဆောင်ရွက်ရန် လိုအပ်သည့် စီမံကိန်းအမျိုးအစားနှင့် အရွယ်အစားသတ်မှတ်ချက်တို့ကို ယခုလို ပြင်ဆင်သတ်မှတ်လိုက်ခြင်းလည်းဖြစ်ကြောင်းသိရသည်။

ထိုသို့သတ်မှတ်ပေးလိုက်ခြင်းဖြင့် စက်သုံးဆီဆိုင်များတွင် စက်သုံးဆီပမာဏ ပိုမိုသိုလှောင်နိုင်မည်ဖြစ်ကာ စက်သုံးဆီနှင့်ပတ်သက်၍ သီလဝါဆိပ်ကမ်းရှိ Terminal တွင် အခြေအနေအမျိုးမျိုးကြောင့် ထုတ်ယူရန် အခက်အခဲများ ကြုံလာသည့်အခါတိုင်းအတွက် ဖြေရှင်းမှုတစ်ခုလည်းဖြစ်နိုင်သည်ဟု ဆီလုပ်ငန်းလုပ်ကိုင်သူအချို့က သုံးသပ်သည်။

**Source:** https://www.popularmyanmar.com/

## ပြည်တွင်းပဲဆီလိုအပ်ချက်မြင့်မားသောကြောင့် ဆီစက်များအားလုံးနီးပါး လည်ပတ်အဆင်ပြေနေ

ပြည်တွင်းပဲဆီ လိုအပ်ချက်မြင့်မားနေသောကြောင့် ဆီစက်များ အားလုံးနီးပါးလည်ပတ်အဆင်ပြေနေကြောင်း ဆီစက်လုပ်ငန်းရှင်များထံက သိရသည်။

ပြည်တွင်းစားအုန်းဆီတင်သွင်းမှုကို ၂၀၂၃ ခုနှစ်ကတည်းက စားအုံးဆီတင်သွင်းမှုလျှော့ချသောကြောင့် ပြည်တွင်းမှာရှိသည့် ဆီစက် ၈၀ ရာခိုင်နှုန်းကျော် လည်ပတ်လာကြောင်း၊ စားဆီတင်သွင်းမှုလျှော့သလို တိရစ္ဆာန်စာ ပဲဖတ်လည်း တင်သွင်းမှုလျှော့သွားကြောင်း၊ စားအုန်းဆီတင်သွင်းမှုနှင့် ပဲဖတ်တင်သွင်းမှု လျှော့ချတင်သွင်းခြင်းကြောင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ကျသွားကြောင်း မြန်မာနိုင်ငံဆီစက်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆန်းထွန်းလွင်ကပြောသည်။

"နိုင်ငံခြားကနေ ဆီလျှော့သွင်းလိုက်တာနဲ့ ပြည်တွင်းဆီ လိုအပ်ချက်များပြီး ဆီစက်တွေ အားလုံးနီးပါး လည်ပတ်နိုင်သွားတယ်။ စားအုန်းဆီလျှော့တာတင်မက နောက်ထပ်တိရစ္ဆာန် အစာအဖတ်ပါ နိုင်ငံခြားက တင်သွင်းရတာလျှော့တယ်။ နိုင်ငံခြားကနေ နှစ်စဉ်စားဆီ တင်သွင်းမှုကနေ ဒေါ်လာ သန်း ၆၀၀၊ ၇၀၀၊ တိရစ္ဆာန်အစာအတွက် ဒေါ်လာ သန်း ၃၁၂ သန်းလောက် စုစုပေါင်း ၁ ဘီလီယံနီးပါးလောက်ရှိတယ်။ လက်ရှိမှာ တစ်လကို စားအုန်းဆီ တန်ချိန် ၃၀,၀၀၀ လောက်ပဲ တင်သွင်းနေတော့ ပြည်တွင်းမှာ ဆီစက်တွေရော၊ တောင်သူတွေရော၊ ကုန်သည်တွေရော အားလုံးအဆင်ပြေလာပါ "ဟု ၎င်းကပြောသည်။

ပြည်ပမှ စားအုံးဆီနှင့်တိရစ္ဆာန်အစာအတွက် နိုင်ငံခြားငွေ ၁ ဘီလီယံခန့် သုံးစွဲတင်သွင်းနေရာမှ ယခုအခါ လျှော့ချတင်သွင်းမှုကြောင့် ပြည်တွင်းမှာ ရပ်ဆိုင်းလုနီးပါးဖြစ်နေသည့် ဆီစက်လုပ်ငန်း ကွင်းဆက်ကြီးတစ်ခုလုံး ပြန်လည်အသက်ဝင်လှုပ်ရှားလာနိုင်ခြင်းဖြစ်သည်။

ထိုသို့ ပြည်တွင်းဆီစက်များ ပြန်လည် လည်ပတ်အားကောင်းလာသည့်နှင့်အမျှ ပြည်တွင်းစိုက်ပျိုးရေးကွင်းဆက်တစ်ခုလုံးမှာပါဝင်သည့် တောင်သူ၊ ကုန်သည်နှင့်အခြေခံအလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများကောင်းလာကာ ဝင်ငွေများကောင်းလာခြင်းဖြစ်သည်။


ထို့ပြင် မြေပဲကို ဆီအဖြစ်ထုတ်လုပ်ပြီး ပဲဖတ်ကို တိရစ္ဆာန်အစာ၊ မြေပဲကိုတန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် မြေပဲလှော်၊ မြေပဲယိုများထုတ်လုပ်ကာ မိသားစုဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်သည်။

ယခင်က ပြည်ပမှတင်သွင်းသည့် စားအုန်းဆီတင်သွင်းမှုကြောင့် နိုင်ငံခြားငွေများစွာအသုံးပြုရပြီး ကုန်သွယ်မှုလိုငွေများစေသလို ပြည်တွင်းက ဆီလုပ်ငန်းရှင်များလည်း လုပ်ငန်းရပ်ဆိုင်းသွားခဲ့ရသည်။

ယခုအခါ နိုင်ငံခြားဒေါ်လာသုံးစွဲမှုလျှော့ကျသည့်အပြင် ပြည်တွင်းမှာလည်း ကျန်းမာရေးနှင့်မညီညွတ်သည့် စားအုန်းဆီသုံးစွဲမှုကိုလျှော့ချပြီးကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကော်ဖီဈေးကွက် အရောင်းအဝယ်မရှိဖြစ်နေ




ပြည်တွင်း၌ ကော်ဖီဈေးကွက် အရောင်းအဝယ်မရှိဖြစ်နေကြောင်း ကော်ဖီလုပ်ငန်း ရှင်များနှင့် တောင်သူများထံမှ သိရသည်။

"ပြည်တွင်းဈေးကွက်မှာက အခုတလော အရောင်းအဝယ်တွေမရှိကြတော့ဘူး၊ ဝယ်တဲ့သူရှိရင်တောင် ရောင်းတဲ့သူမရှိဘူး၊ အဲလိုပဲ ရောင်းတဲ့သူရှိတောင် ဝယ်တဲ့သူလိုချင်တဲ့ အရည်အသွေးမျိုး မပေးနိုင်တဲ့အခြေအနေတွေရှိနေတယ်၊ ကြိုက်ရောင်း ကြိုက်ဝယ်တော့ရှိကြပါတယ်"ဟု ရှမ်းပြည်နယ်မှ ကော်ဖီစိုက်တောင်သူတစ်ဦးကပြောသည်။

ပြည်တွင်းဈေးကွက်၌ Arabica ကော်ဖီ 1kg လျှင် ၁၆,၀၀၀ မှ ၁၉,၀၀၀ အထိရှိပြီး export တန်းအနေဖြင့် အရည်အသွေးပေါ်မူတည်ပြီး 1kg လျှင် ၂၀,၀၀၀ ကျော် အထိရှိကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်များဖြင့်ယှဉ်ပါက ၅၀ ရာခိုင်နှုန်းခန့် အရောင်းအဝယ်အေးလျက်ရှိကြောင်းလည်း ကော်ဖီစိုက်တောင်သူများကဆိုသည်။

လက်ရှိအခြေအနေများကြောင့် အချို့ဒေသများတွင် အရောင်းအဝယ် မရှိသလောက်နည်းပါးကာ သိုလှောင်ထားသည့် ကော်ဖီများကို ရသည့်ဈေးဖြင့်ရောင်းချနေရပြီး ပုံမှန်ထက်လျှော့ချရောင်းနေရမှုများလည်း ရှိနေကြောင်းသတင်းရရှိသည်။

ထို့ပြင် လမ်းပန်းဆက်သွယ်ရေးအခက်ခဲများ၊ ငွေကြေးဈေးကွက်အခြေအနေများကြောင့် ပြည်ပသို့အနည်းငယ်သာ တင်ပို့နိုင်ကြောင်းသိရပြီး အချို့လုပ်ငန်းရှင်များမှာ တင်ပို့မှုရပ်နားထားရကြောင်းလည်း သိရသည်။

"ပြည်ပတင်ပို့မှုက ရှိတော့ရှိတယ်၊ အများကြီးတော့ မသွားနိုင်ကြတော့ဘူး။ အရင်တုန်းက စာချုပ်ရှိပြီးသားသူတွေကတော့ တင်ပို့မှုတော့ရှိကြပါတယ်"ဟု ကော်ဖီလုပ်ငန်းရှင်တစ်ဦးကပြောသည်။ နိုင်ငံခြားသို့တင်ပို့ရာတွင် ကွန်တိန်နာရရှိမှုနှင့် သင်္ဘောရရှိမှု အခက်အခဲများရှိနေပြီး ကုန်ကျစရိတ်များ အရင်ကထက်မြင့်တက်လာခြင်းကြောင့် တင်ပို့ရန်ခက်ခဲလာခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ မြန်မာ့ကော်ဖီအား အမေရိကန်ပြည်ထောင်စု၊ ဥရောပနိုင်ငံများကို အဓိကတင်ပို့ရောင်းချလျက်ရှိပြီး ဂျပန်၊ တောင်ကိုရီးယား၊ ကနေဒါနှင့်ထိုင်းစသည့် အိမ်နီးချင်းနိုင်ငံများအား တင်ပို့ရောင်းချလျက်ရှိကြောင်းလည်း သိရသည်။

မြန်မာ့ကော်ဖီကို ရွှာငံ၊ ဟိုပုံး၊ နောင်ချို၊ ပြင်ဦးလွင်၊ မိုးကုတ်မြို့၊ ကရင်ပြည်နယ်တို့တွင် အဓိကစိုက်ပျိုးလျက်ရှိပြီး တစ်နှစ်လျှင် ပြည်တွင်း၌ ကော်ဖီစေ့တန်ချိန် ၄၀၀၀ မှ ၆၀၀၀ အထိထွက်ရှိကြောင်းသိရသည်။ ယခုနှစ်တွင် ပြည်တွင်း၌ ကော်ဖီအထွက်နှုန်း ပုံမှန်ထက်ကျဆင်းနေကြောင်း ကော်ဖီစိုက်တောင်သူများထံမှ သိရသည်။

**Source: AMIA**

https://htwettoe.com/download

## ယခုနှစ်၏ ပထမ ၇ လတွင် အမေရိကန်ဒေါ်လာ ၉၇ သန်း တန်ဖိုးရှိသော ငှက်ပျောသီးများတင်ပို့ခဲ့သည့် ကမ္ဘောဒီးယား

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ်၏ ပထမ ၇ လတာကာလတွင် ငှက်ပျောသီးတန်ချိန် ၁၄၃,၄၈၁ တန် တင်ပို့ခဲ့ပြီး ၂၀၂၃ ခုနှစ်၏ တူညီသည့်ကာလထက် ၂၀ ဒသမ ၅၉ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း စိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန(MAFF)၏ ထုတ်ပြန်ချက်အရသိရသည်။ အဆိုပါ တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၉၆ ဒသမ ၇ သန်းကျော် ဝင်ငွေရရှိခဲ့ပြီး တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်တို့သည် ကမ္ဘောဒီးယားငှက်ပျောသီးကို အဓိကတင်သွင်းသူများဖြစ်ကြောင်းသိရသည်။ MAFF ၏ပြောခွင့်ရပုဂ္ဂိုလ် Khim Finan က ရာသီဥတုပြောင်းလဲမှုနှင့် အိမ်နီးချင်းတိုင်းပြည်များ၏ ယှဉ်ပြိုင်မှုကြောင့် နိုင်ငံတကာဈေးကွက်များသို့ ကမ္ဘောဒီးယားငှက်ပျောသီးတင်ပို့မှု လျော့ကျခဲ့ခြင်းဖြစ်ကြောင်း ၂၁-၈-၂၀၂၄ ရက်တွင် ပြောကြားခဲ့သည်။ ထို့ပြင် အဆိုပါအကြောင်းများကြောင့် နိုင်ငံတကာဈေးကွက်များသို့ ငှက်ပျောသီးတင်ပို့မှု ၂၀ ရာခိုင်နှုန်းကျော် ကျဆင်းခဲ့ကြောင်း၊ သို့သော် လာမည့်နှစ်တွင် ပြန်လည်မြင့်တက်လာရန် မျှော်လင့်ရကြောင်း Finan က ဆက်လက်ပြောကြားခဲ့သည်ဟုသိရသည်။

**Source: Khmer Times**

https://www.doca.gov.mm/

## အင်ဒိုနီးရှားနိုင်ငံ၏ ဆန်တင်ဒါပမာဏ တိုးလာခြင်းသည် ဗီယက်နမ်အတွက် အခွင့်အလမ်းဖြစ်လာ

အင်ဒိုနီးရှားနိုင်ငံ၏ ဆန်တင်သွင်းမှုသည် ဩဂုတ်လတွင် ဆန်တန်ချိန် ၃၀,၀၀၀ တိုးလာပြီး ဝယ်လိုအားမှာ တန်ချိန် ၃၅၀,၀၀၀ ရှိလာခဲ့ကြောင်း အင်ဒိုနီးရှား အမျိုးသားထောက်ပံ့ ပို့ဆောင်ရေးအေဂျင်စီ (Perusahaan Umum BULOG) ၏ နောက်ဆုံးတင်ဒါ ကြေညာချက်အရ သိရှိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဆန်ဖြူကွဲ ၅ ရာခိုင်နှုန်း တန်ချိန် ၃၅၀,၀၀၀ ကို တင်ဒါခေါ်ယူခဲ့ပြီး ဗီယက်နမ်၊ ထိုင်း၊ ကမ္ဘောဒီးယား၊ မြန်မာနှင့်ပါကစ္စတန်တို့မှ ဆန်တင်သွင်းသူများကို ဦးစားပေး သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် အင်ဒိုနီးရှားသည် တစ်လလျှင် ပျမ်းမျှ ဆန်တန်ချိန် ၃၀၀,၀၀၀ ခန့် တင်ဒါခေါ်ယူခဲ့ပြီး ဇူလိုင်လမှစတင်၍ Bulog သည် တင်ဒါအရေအတွက် ၂၀,၀၀၀ တိုးမြှင့်ခဲ့သဖြင့် စုစုပေါင်းတန်ချိန် ၃၂၀,၀၀၀ သို့ ရောက်ရှိခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၏ ဆန်တင်သွင်းမှုမှာ ဝယ်လိုအားတိုးလာသော်လည်း နိုင်ငံသည် တန်ချိန် ၂၀၀,၀၀၀ သာ ဝယ်ယူနိုင်ခဲ့သည်။ အဆိုပါဝယ်လိုအားကို ဖြည့်ဆည်းရန်အတွက် Bulog သည် ဩဂုတ်လတင်ဒါအတွက် တန်ချိန် ၃၅၀,၀၀၀ မကြုံစဖူးမြင့်မားစွာ သတ်မှတ်ထားခြင်း ဖြစ်သည်။

ကမ္ဘာ့ဆန်ဈေးကွက်တွင် လက်ရှိမရေရာမှုများကြောင့် အင်ဒိုနီးရှားနိုင်ငံမှ ကြီးမားသည့် ဆန်တင်ဒါခေါ်ယူမှုသည် ဆန်တင်ပို့ရောင်းချသူများ အထူးသဖြင့် ဗီယက်နမ်မှ ဆန်တင်ပို့လိုသူများအတွက် အဓိက အခွင့်အလမ်းဖြစ်လာခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံမှ ဆန်လေလံဆွဲရန် ဖိတ်ခေါ်မှုသည် ဗီယက်နမ်ဆန်တင်ပို့မှု လုပ်ငန်းအတွက် အပြုသဘောဆောင်သော လက္ခဏာဖြစ်ကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လက ဗီယက်နမ် လုပ်ငန်းရှင်များအနေဖြင့် လေလံဆွဲမှု ၁၂ စောင်အနက် ၇ စောင်နှင့် အများဆုံးရရှိခဲ့ပြီး ဆန်တန်ချိန် ၁၈၅,၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း Cần Thơ Rice Export Joint Stock Company အထွေထွေညွှန်ကြားရေးမှူးဖြစ်သူ Nguyễn Văn Nhật က ပြောကြားခဲ့သည်။

ဗီယက်နမ်ဆန်သည် အခြားရင်းမြစ်များနှင့်နှိုင်းယှဉ်ပါက ပြိုင်ဆိုင်မှုအားကောင်းနေဆဲဖြစ်ကြောင်း ပြသလျက်ရှိသည်။

ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုဈေးသည် လက်ရှိတွင် ကမ္ဘာမှာ အမြင့်ဆုံးဈေးဖြစ်ကာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၇၈ အထိ ရောက်ရှိနေခဲ့သော်လည်း အင်ဒိုနီးရှားနိုင်ငံ၏ ဝယ်လိုအား တိုးမြှင့်လာခြင်းသည် ဤဈေးကွက်သို့ ဆက်လက် တင်ပို့ရန် အခွင့်အလမ်းများ ပေးစွမ်းမည်ဟု ယုံကြည်ပါကြောင်း ၎င်းက ပြောကြားခဲ့သည်။

နွေ ဆောင်းသီးနှံကုန်ဆုံးရက် နီးကပ်လာသောကြောင့် ဗီယက်နမ်၏ ဆန်ထောက်ပံ့မှုမှာ အကန့်အသတ်ရှိနေပြီး ဆောင်းဦး ဆောင်းသီးနှံ အမြောက်အမြား မထွက်ရှိသေးသောကြောင့် နိုင်ငံ၏ဝယ်လိုအားကို သိသိသာသာထောက်ပံ့ပေးနိုင်ခြင်း မရှိသေးကြောင်း မှတ်ချက်ပြုခဲ့သည်။

ထို့ကြောင့် ဗီယက်နမ်နိုင်ငံ၏ ဆန်ဈေးနှုန်းမှာ ဆက်လက်မြင့်မားဖွယ်ရှိကြောင်း၊ သို့သော်လည်း ဖိလစ်ပိုင်ကဲ့သို့ နိုင်ငံများမှ ဝယ်လိုအား ကြီးမားခြင်းသည် ဈေးနှုန်းဖိအားအချို့ကို သက်သာစေနိုင်ကြောင်းဖော်ပြထားသည်။

လက်ရှိဈေးကွက်အခြေအနေအရ ဗီယက်နမ်ဆန်တင်ပို့သူများသည် တင်ဒါခေါ်ယူခြင်းများတွင် “များများရောင်း၍ များများ ဆုံးရှုံးခြင်း” မဖြစ်အောင် သတိထား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ လေလံမတင်မီ ကမ္ဘာ့ဈေးကွက်ရှိ ဗီယက်နမ်ဆန်၏ ဈေးနှုန်း ကို ထည့်သွင်းစဉ်းစားလျက်ရှိကြောင်း၊ အားသာချက်များနှင့် အားနည်းချက်များကို ဂရုတစိုက်ချိန်ဆလျက်ရှိကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် ပထမခုနစ်လအတွင်း ဗီယက်နမ်နိုင်ငံသည် ဆန်တန်ချိန် ၅ ဒသမ ၃ သန်းနီးပါးတင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၄ ဘီလီယံ ရရှိခဲ့သည်။ ကိန်းဂဏန်းများအရ ၂၀၂၃ အပါအဝင် ဗီယက်နမ်၏ ဆန်စပါးလုပ်ငန်းအတွက် စံချိန်သစ် တင်နိုင်ခဲ့သည်။

စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ ခန့်မှန်းချက်အရ ဗီယက်နမ်နိုင်ငံသည် ဆန်တန်ချိန် ၇ ဒသမ ၅ သန်းမှ ၈ သန်းအထိ တင်ပို့နိုင်ရန် ရည်မှန်းထားပြီး ပို့ကုန်ဂင်ငွေ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော် ရရှိမည်ဟု ခန့်မှန်းထားကြောင်းဖော်ပြထားသည်။

**Source: Vietnam News**

**(စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

**https://myantrade.gov.mm/**

**STOCK EXCHANGE (28.8.2024)**

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 26th Aug, 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
| --- | --- |
| 23,081 (Shares) | 80,279,600 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 9,000 | 8,900 | 531 | 4,734,300 | 33,109,694 | 294,676 |
| MTSH | 00002 | 3,550 | +50 | +1.43% | 3,450 | 3,550 | 3,450 | 3,704 | 12,953,000 | 38,929,150 | 138,199 |
| MCB | 00003 | 9,000 | +100 | +1.12% | 9,000 | 9,000 | 9,000 | 4 | 36,000 | 10,400,986 | 93,609 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,850 | 1,850 | 1,800 | 185 | 340,500 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,700 | 1,364 | 2,361,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 255 | 1,173,000 | 10,497,598 | 48,289 |
| MAEX | 00008 | 3,300 | -100 | -2.94% | 3,300 | 3,300 | 3,300 | 662 | 2,184,600 | 23,804,946 | 78,556 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 27th Aug, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| MYANPIX | 410.54 | -1.72 | -0.42% | 411.47 | 411.47 | 409.91 | 7,506 | 19,197,850 | 8 | 774,352 |

### Index chart



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 27th Aug. 2024

| Trading Volume | Trading Value |
|---|---|
| 17,545 (Shares) | 55,577,350 (MMK) |

## Main Board

As of 1:00 pm, 27th Aug. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,506 (Shares) | 54,197,850 (MMK) |

| MYANPIX | 410.54 ▼ 1.72 |
|---|---|
| Total Volume (shares) | 7,506 |
| Total Value (MMK) | 19 mil |
| Listed Company | 8 |
| Market Cap. (MMK) | 774,352 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,500 | ▼ 50 |
| MCB | 00003 | 9,000 | ▲ 0 |
| FPB | 00004 | 1,750 | ▼ 50 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 1,700 | ▼ 50 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 3,350 | ▲ 50 |

TIR